စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# နှမ်း

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၀၂)

**(HS– Code 120740)**

**Sesamum seeds, whether or not broken**









**NOVEMBER 2022**

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 120740 Sesamum seeds, whether or not broken

(HS-Code 120740)

Sesamum seeds, whether or not broken

ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၂၁ ခုနှစ်၌ ကမ္ဘာ့နမ်းအများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

120740 Sesamum seeds, whether or not broken

Fig 1: Top 10 World importers in 2021

| No | Importers | Value Imported in 2021 (US$,000) | Quantity Imported in 2021 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | China | 1541153 | 1173618 | 1313 | 42.9 |
| 2 | Turkey | 284816 | 202613 | 1406 | 7.9 |
| 3 | Japan | 213260 | 150975 | 1413 | 5.9 |
| 4 | Korea, Republic of | 151900 | 86923 | 1748 | 4.2 |
| 5 | Israel | 101779 | 0 | | 2.8 |
| 6 | Iran, Islamic Republic of | 101693 | 59025 | 1723 | 2.8 |
| 7 | Germany | 83921 | 40646 | 2065 | 2.3 |
| 8 | United Arab Emirates | 82420 | 55416 | 1487 | 2.3 |
| 9 | United States of America | 82329 | 37087 | 2220 | 2.3 |
| 10 | Viet Nam | 81723 | 59016 | 1385 | 2.3 |
| | other | 868865 | 629433 | -14760 | 24.3 |
| | World Total | 3593859 | 2494752 | | 100 |

Source : ITC Trade Map


Top 10 World Importers In 2021
1800000
1600000
1400000
1200000
1000000
800000
600000
400000
200000
0
China
Turkey
Japan
Korea, Republic of
Israel
Iran, Islamic Republic of
Germany
United Arab Emirates
United States of America
Viet Nam
other
Value imported in 2021 (USD thousand)
Quantity imported in 2021


List of importing countries for the selected product in 2021
Product : 120740 Sesamum seeds, whether or not broken
Greenland
Canada
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Italy
Spain
Turkey
United States of America
China
Iraq
Pakistan
Algeria
Egypt
India
Mexico
Cuba
Mali
Niger
Chad
Sudan
Ethiopia
Nigeria
Peru
Brazil
Angola
Australia
Chile
Imported value, USD thousand
N.A.
0 - 15,412 USD thousand
15,412 - 77,058 USD thousand
77,058 - 154,115 USD thousand
154,115 - 308,230 USD thousand
> 770,576 USD thousand

၁။ ၂၀၂၁ ခုနှစ်တွင် (HS.Code–120740) နှမ်းအား အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ တရုတ်၊ တူရကီ၊ ဂျပန်၊ ကိုရီးယား၊ အစ္စရေး၊ အီရန်၊ ဂျာမနီ၊ ယူအေအီး၊ အမေရိကန်၊ ဗီယက်နမ်တို့ဖြစ်သည်ကို ITC Trade Map အရသိရှိရသည်။ တရုတ်သည် ၂၀၂၁ ခုနှစ်တွင် သွင်းကုန်တန်ဖိုး စုစုပေါင်းကန်ဒေါ်လာ ၁၅၄၁ ဒသမ ၁၅၃ သန်းရှိပြီး ကမ္ဘာ့နှမ်းဈေးကွက်၏ ဈေးကွက်ဝေစု ၄၂ ဒသမ ၉ ရာခိုင်နှုန်း ရရှိထားသည်။ ထို့နောက် တူရကီက ၂၈၄ ဒသမ ၈၁၆ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၇ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဂျပန်က ကန်ဒေါ်လာ ၂၁၃ ဒသမ ၂၆၀ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ ကိုရီးယား၊ အစ္စရေး၊ အီရန်၊ ဂျာမနီ၊ ယူအေအီး၊ အမေရိကန်၊ ဗီယက်နမ်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့နှမ်း တင်သွင်းသည့် နိုင်ငံပေါင်း (၁၉၃) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း (၁၀) နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကိုနှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်က ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၂၂၂၀ ဒေါ်လာအမြင့်ဆုံးဖြစ်ပြီး ဂျာမနီက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၂၀၆၅ ဒေါ်လာနှင့် ဒုတိယ၊ ကိုရီးယားက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၇၄၈ ဒေါ်လာနှင့် တတိယ၊ အီရန်က ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၇၂၃ ဒေါ်လာနှင့် စတုတ္ထ၊ ယူအေအီးက ဝယ်ယူသည့်ဈေးမှာ တစ်တန်လျှင် ၁၄၈၇ ဒေါ်လာနှင့် ပဉ္စမတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## မြန်မာ့နှမ်း တင်ပို့သည့် ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 2 : Top 10 Importers of Myanmar in 2021**

| No | Importer Countries | Value Imported in 2021(US$,000) | Market Share % | Quantity Imported in 2021 (Tons) | Unit Value $ /Ton |
|---|---|---|---|---|---|
| 1 | China | 301315 | 88.2 | 143965 | 2093 |
| 2 | Thailand | 14387 | 4.2 | 8582 | 1676 |
| 3 | Singapore | 8764 | 2.6 | 6589 | 1330 |
| 4 | Japan | 7287 | 2.1 | 4718 | 1545 |
| 5 | Taipei, Chinese | 6618 | 1.9 | 5340 | 1239 |
| 6 | Korea, Republic of | 1430 | 0.4 | 888 | 1610 |
| 7 | India | 835 | 0.2 | 674 | 1239 |
| 8 | Viet Nam | 479 | 0.1 | 402 | 1192 |
| 9 | Indonesia | 318 | 0.1 | 276 | 1152 |
| 10 | Malaysia | 268 | 0.1 | 220 | 1218 |

Source : ITC Trade Map

၂။ ၂၀၂၂ ခုနှစ်တွင် မြန်မာ့နှမ်းအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ တိုင်ပေ(တရုတ်)၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားတို့ဖြစ်ကြသည်။

**၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ကမ္ဘာ့နှမ်းတင်ပို့မှု**

၃။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နှမ်းတင်ပို့သည့်နိုင်ငံများ၏ တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နှမ်းတင်ပို့သည့်နိုင်ငံများ၏ တင်ပို့သည့်တန်ဖိုးနှင့်အဆင့်နေရာပြဇယား**

**Fig 3: List of exporters for the selected product**
Product: **120740 Sesamum seeds, whether or not broken**
Unit : US Dollar thousand

| NO | Exporters | Exported value in 2017 | Exported value in 2018 | Exported value in 2019 | Exported value in 2020 | Exported value in 2021 |
|---|---|---|---|---|---|---|
| 1 | India | 435302 | 531449 | 528715 | 447843 | 421536 |
| 2 | Sudan | 411810 | 680107 | 723371 | 707788 | 348872 |
| 3 | Myanmar | 164157 | 151496 | 244344 | 300154 | 341791 |
| 4 | Ethiopia | 388681 | 334501 | 314682 | 361703 | 286042 |
| 5 | Nigeria | 125186 | 246620 | 288653 | 287112 | 284695 |
| 6 | Pakistan | 43558 | 73956 | 40445 | 39631 | 214729 |
| 7 | Tanzania, United Republic of | 73659 | 80288 | 166394 | 150454 | 149326 |
| 8 | Chad | 25358 | 24530 | 36832 | 75242 | 129170 |
| 9 | China | 65201 | 78790 | 97441 | 83773 | 94123 |
| 10 | Mozambique | 9107 | 19979 | 86106 | 69234 | 83960 |
| | other | 458076 | 564371 | 620081 | 788811 | 823916 |
| | World Total | 2200095 | 2786087 | 3147064 | 3311745 | 3178160 |

Source: ITC Trade Map

မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၃) တွင်ရှိပါသည်။

## ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့နှမ်းတင်ပို့သည့်နိုင်ငံများ၏ တင်ပို့မှုပမာဏနှင့်အဆင့်နေရာပြဇယား

**Fig 4: List of exporters for the selected product**

Product: **120740 Sesamum seeds, whether or not broken**

| No | Exporters | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons | 2020 Exported quantity, Tons | 2021 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Nigeria | | 225086 | 518670 | 248103 | 427338 |
| 2 | India | 331524 | 326828 | 276358 | 276265 | 260463 |
| 3 | Sudan | 552140 | 252246 | | 518906 | 252867 |
| 4 | Ethiopia | 333578 | 232139 | 194294 | 247501 | 185528 |
| 5 | Myanmar | 132289 | 86936 | 102839 | 138913 | 171997 |
| 6 | Pakistan | 35520 | 48837 | 26759 | 32812 | 160428 |
| 7 | Tanzania, United Republic of | 80396 | 66480 | 126930 | 161455 | 133462 |
| 8 | Chad | 14743 | 22334 | 26146 | 57032 | 90108 |
| 9 | Brazil | 1955 | 3159 | 19846 | 72000 | 65103 |
| 10 | Mozambique | 7926 | 14080 | 58784 | 53762 | 63387 |
| | other | 438657 | 500436 | 465932 | 540098 | 534026 |
| | World Total | 1928728 | 1778561 | 1816558 | 2346847 | 2344707 |

Source: ITC Trade Map

**မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၅) တွင်ရှိပါသည်။**

၄။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် နှမ်းတင်ပို့သော နိုင်ငံ (၁၄၈) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့်တင်ပို့မှုတွင် အဆင့် (၅) နှင့်တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် (၃) နေရာတွင် ရှိနေပါသည်။

# အာရှတွင်နှမ်းတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

## Fig 5: Top 10 Asia Importers in 2021

| No | Importers | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|---|
| 1 | China | 1541153 | 1173618 | 1313 | 42.9 |
| 2 | Turkiye | 284816 | 202613 | 1406 | 7.9 |
| 3 | Japan | 213260 | 150975 | 1413 | 5.9 |
| 4 | Korea, Republic of | 151900 | 86923 | 1748 | 4.2 |
| 5 | Israel | 101779 | 0 | | 2.8 |
| 6 | Iran, Islamic Republic of | 101693 | 59025 | 1723 | 2.8 |
| 7 | United Arab Emirates | 82420 | 55416 | 1487 | 2.3 |
| 8 | Viet Nam | 81723 | 59016 | 1385 | 2.3 |
| 9 | Saudi Arabia | 67553 | 39552 | 1708 | 1.9 |
| 10 | Taipei, Chinese | 62779 | 43140 | 1455 | 1.7 |

Source : ITC Trade Map

၅။ ၂၀၂၁ ခုနှစ်တွင် နှမ်းကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ တရုတ်၊ တူရကီ၊ ဂျပန်၊ ကိုရီးယား၊ အစ္စရေး၊ အီရန်၊ ယူအေအီး၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ တိုင်ပေ(တရုတ်) တို့ဖြစ်ကြသည်။ တရုတ်သည် ၂၀၂၁ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၅၄၁ ဒသမ ၁၅၃ သန်းဖိုးနှင့် အရေအတွက် ၁၁၇၃၆၁၈ တန်ဖြင့်အများဆုံးဝယ်ယူခဲ့ပြီး တူရကီက ကန်ဒေါ်လာ ၂၈၄ ဒသမ ၈၁၆ သန်းဖိုးနှင့် အရေအတွက် ၂၀၂၆၁၃ တန်ဖြင့် ဒုတိယ အများဆုံး၊ ဂျပန်က ကန်ဒေါ်လာ ၂၁၃ ဒသမ ၂၆၀ သန်းဖိုးနှင့် အရေအတွက် ၁၅၀၉၇၅ တန်ဖြင့် တတိယ အများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ကိုရီးယား၊ အစ္စရေး၊ အီရန်၊ ယူအေအီး၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ တိုင်ပေ(တရုတ်)တို့က အစဉ်လိုက်ရှိကြသည်။

## အာရှတွင်နှမ်းတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

**Fig 6. Top 10 Asia exporters in 2021**

| No | Exporters | Value Exported in 2021(US$,000) | Quantity Exporte in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 421536 | 260463 | 1618 | 13.3 |
| 2 | Sudan | 348871 | 252867 | 1380 | 11 |
| 3 | Myanmar | 341791 | 171997 | 1987 | 10.8 |
| 4 | Pakistan | 214729 | 160428 | 1338 | 6.8 |
| 5 | China | 94123 | 46938 | 2005 | 3 |
| 6 | Turkiye | 72325 | 40263 | 1796 | 2.3 |
| 7 | United Arab Emirates | 58875 | 34552 | 1704 | 1.9 |
| 8 | Bangladesh | 11244 | 12174 | 924 | 0.4 |
| 9 | Thailand | 9106 | 5151 | 1768 | 0.3 |
| 10 | Afghanistan | 5326 | 3734 | 1426 | 0.2 |

Source : ITC Trade Map

၆။ ၂၀၂၁ ခုနှစ်တွင် နှမ်းကို အာရှနိုင်ငံများအနက် အများဆုံးတင်ပို့ ရောင်းချလျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ ဆူဒန်၊ မြန်မာ၊ ပါကစ္စတန်၊ တရုတ်၊ တူရကီ၊ ယူအေအီး၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အာဖဂန်နစ္စတန်တို့ဖြစ်ကြသည်။ အိန္ဒိယက ကန်ဒေါ်လာ ၄၂၁ ဒသမ ၅၃၆ သန်းဖိုးနှင့် အရေအတွက် ၂၆၀၄၆၃ တန်ဖြင့် အများဆုံးရောင်းချခဲ့ပြီး ဆူဒန်က ကန်ဒေါ်လာ ၃၄၈ ဒသမ ၈၇၁ သန်းဖိုးနှင့် အရေအတွက် ၂၅၂၈၆၇ တန်ဖြင့် ဒုတိယအများဆုံး၊ မြန်မာက ကန်ဒေါ်လာ ၃၄၁ ဒသမ ၇၉၁ သန်းဖိုးနှင့် အရေအတွက် ၁၇၁၉၉၇ တန်ဖြင့် တတိယအများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် ပါကစ္စတန်၊ တရုတ်၊ တူရကီ၊ ယူအေအီး၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အာဖဂန်နစ္စတန်တို့က အစဉ်လိုက်ရှိကြသည်။ တရုတ်၊ တူရကီ၊ ယူအေအီး နိုင်ငံတို့သည် နှမ်းတင်သွင်းသည့် နိုင်ငံများဖြစ်သော်လည်း ပြန်လည်တင်ပို့သည့် နိုင်ငံများလည်း ဖြစ်ကြောင်းတွေ့ရပါသည်။

## ကမ္ဘာ့နှမ်းတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၁)

Fig 7. Top 10 World exporters in 2021

| No | Exporter Countries | Value Exported in 2021(US$,000) | Quantity Exporte in 2021(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | India | 421536 | 260463 | 1618 | 13.3 |
| 2 | Sudan | 348871 | 252867 | 1380 | 11 |
| 3 | Myanmar | 341791 | 171997 | 1987 | 10.8 |
| 4 | Ethiopia | 286042 | 185528 | 1542 | 9 |
| 5 | Nigeria | 284695 | 427338 | 666 | 9 |
| 6 | Pakistan | 214729 | 160428 | 1338 | 6.8 |
| 7 | Tanzania, United Republic of | 149326 | 133462 | 1119 | 4.7 |
| 8 | Chad | 129171 | 90108 | 1434 | 4.1 |
| 9 | China | 94123 | 46938 | 2005 | 3 |
| 10 | Mozambique | 83960 | 63387 | 1325 | 2.6 |

Source : ITC Trade Map






၇။ ၂၀၂၁ ခုနှစ်တွင် နှမ်း (HS.Code–120740) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ ဆူဒန်၊ မြန်မာ၊ အီသီယိုးပီးယား၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ တန်ဇန်းနီးယား၊ ချဒ်၊ တရုတ်၊ မိုဇမ်ဘစ်တို့ဖြစ်ကြသည်။ အိန္ဒိယက ကန်ဒေါ်လာ ၄၂၁ ဒသမ ၅၃၆ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကို တွေ့ရသည်။ ဆူဒန်က ကန်ဒေါ်လာ ၃၄၈ ဒသမ ၈၇၁ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၁ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ မြန်မာက ကန်ဒေါ်လာ ၃၄၁ ဒသမ ၇၉၁ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် တတိယရရှိထားသည်။ ထို့နောက် အီသီယိုးပီးယား၊ နိုက်ဂျီးရီးယား၊ ပါကစ္စတန်၊ တန်ဇန်းနီးယား၊ ချဒ်၊ တရုတ်၊ မိုဇမ်ဘစ်တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် တရုတ်က ပထမ၊ မြန်မာက ဒုတိယ၊ အိန္ဒိယက တတိယ၊ အီသီယိုးပီးယားက စတုတ္ထနှင့် ချဒ်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့နှမ်းတင်ပို့သောနိုင်ငံ (၁၂၆) နိုင်ငံရှိပြီး မြန်မာက အဆင့် (၃) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ နှမ်း တင်သွင်းမှု

၈။ ၂၀၂၁ ခုနှစ်တွင် နှမ်းအများဆုံး တင်သွင်းခဲ့သော EU ထိပ်တန်း (၅) နိုင်ငံမှာ ဂျာမနီ၊ ဂရိ၊ နယ်သာလန်စ်၊ ပိုလန်၊ ပြင်သစ်တို့ဖြစ်ကြပြီး ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့်တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် (၂) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှုရာခိုင်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**Fig 8. Top Five EU Importers with the Biggest Growth in value Between 2017 and 2021**

| No | Importers | Annual growth in value between 2017–2021 (%) | Annual growth in value between 2020–2021 (%) |
|---|---|---|---|
| 1 | Germany | 12 | 5 |
| 2 | Greece | 10 | 30 |
| 3 | Netherlands | 4 | –8 |
| 4 | Poland | 12 | 22 |
| 5 | France | 6 | –8 |

source : ITC Trade Map

၉။ နှမ်း အများဆုံးတင်သွင်းသော EU ထိပ်တန်း (၅) နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်–

**Fig 9. Top Five Sesamum seeds, whether or not broken Importers of EU in 2021**

| N0 | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | Value imported in 2021 (USD thousand) | Quantity imported in 2021 | Unit value (USD/unit) | Share in world imports (%) |
| | European Union (EU 28) Aggregation | 370977 | 182492 | | 10.3 |
| 1 | Germany | 83921 | 40646 | 2065 | 2.3 |
| 2 | Greece | 66432 | 39651 | 1675 | 1.8 |
| 3 | Netherlands | 45620 | 22805 | 2000 | 1.3 |
| 4 | Poland | 30435 | 14724 | 2067 | 0.8 |
| 5 | France | 27197 | 11322 | 2402 | 0.8 |

source : ITC Trade Map

၁၀။ ၂၀၂၁ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် နှမ်း တင်သွင်းမှုပမာဏသည် (၁၈၂၄၉) တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၇၀ ဒသမ ၉၇၇ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ ဈေးကွက်ဝေစု ၁၀ ဒသမ ၃ ရာခိုင်နှုန်း ရယူထားပါသည်။

သွင်းကုန်ခွန်လှေလာချက်

## Tariff Rate of Sesamum seeds, whether or not broken

| Partenr | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | MFN duties (Applied) | 0 |
| Korea | MFN duties (Applied) | 6.30% or 6,660 won/kg, whichever is higher |
| | Preferential tariff for ASEAN countries | 5.04% or 5,328 won/kg, whichever is higher |
| Thailand | MFN duties (Applied) | 0.2 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Singapore | MFN duties (Applied) | 0 |
| Malaysia | MFN duties (Applied) | 0 |
| Indonesia | MFN duties (Applied) | 0.05 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Russian Federation | MFN duties (Applied) | 0 |
| Kazakhstan | MFN duties (Applied) | 0 |
| Philippines | MFN duties (Applied) | 0.07 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Germany | MFN duties (Applied) | 0 |
| Greece | MFN duties (Applied) | 0 |
| Netherlands | MFN duties (Applied) | 0 |
| Poland | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |

Source: Market Access Map

၁၁။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ရုရှား၊ ကာဇက်စတန်၊ ဂျာမနီ၊ ဂရိ၊ နယ်သာလန်စ်၊ ပိုလန်၊ ပြင်သစ်တို့က MFN duties သုညရာခိုင်နှုန်း၊ ကိုရီးယားက MFN duties ၆ ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်ကို ၆၆၆၀ ဝမ်နှုန်းများရာကို လည်းကောင်း၊ ASEAN Countries ၅ ဒသမ ၀၄ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်ကို ၅၃၂၈ ဝမ်နှုန်းများရာကိုလည်းကောင်း၊ ထိုင်းက MFN duties သုည ဒသမ ၂ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries ၊ LDC Countries သုညရာခိုင်နှုန်း၊ အင်ဒိုနီရှားက MFN duties သုည ဒသမ ၀၅ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries သုညရာခိုင်နှုန်း၊ ဖိလစ်ပိုင်က MFN duties သုည ဒသမ ၀၇ ရာခိုင်နှုန်း၊ AANZFTA Countries, ASEAN Countries သုညရာခိုင်နှုန်းသတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### တရုတ် ဈေးကွက်

**Fig 10 : Top 10 world exporters to China in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Niger | 364624 | 23.7 | 297255 | 1227 |
| Togo | 218173 | 14.2 | 165049 | 1322 |
| Sudan | 190410 | 12.4 | 148747 | 1280 |
| Ethiopia | 181316 | 11.8 | 121191 | 1496 |
| Tanzania, United Republic of | 143838 | 9.3 | 110539 | 1301 |
| Pakistan | 120442 | 7.8 | 92517 | 1302 |
| Mozambique | 87412 | 5.7 | 65804 | 1328 |
| Myanmar | 87398 | 5.7 | 65690 | 1330 |
| Mali | 49744 | 3.2 | 37746 | 1318 |
| India | 27969 | 1.8 | 15413 | 1815 |

Source : ITC Trade Map

၁၂။ တရုတ်သို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၈)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၅ ဒသမ ၇ ရာခိုင်နှုန်းရရှိထားပါသည်။ တန်ဇန်းနီးယားသည် ဈေးကွက်ဝေစု ၉ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အဆင့်(၅)၊ ပါကစ္စတန်သည် ဈေးကွက်ဝေစု ၇ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အဆင့်(၆)၊ မိုဇမ်ဘစ်သည် ဈေးကွက်ဝေစု ၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အဆင့် (၇) နေရာတွင်ရှိသဖြင့် တန်ဇန်းနီးယား၊ ပါကစ္စတန်နှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**စင်ကာပူ ဈေးကွက်**

**Fig 11 : Top 10 world exporters to Singapore in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Pakistan | 2152 | 23.9 | 1723 | 1249 |
| Myanmar | 1693 | 18.8 | 1273 | 1330 |
| India | 1429 | 15.9 | 898 | 1591 |
| Mexico | 955 | 10.6 | 344 | 2776 |
| China | 756 | 8.4 | 226 | 3345 |
| Nigeria | 484 | 5.4 | 380 | 1274 |
| Mali | 400 | 4.4 | 303 | 1320 |
| Paraguay | 326 | 3.6 | 261 | 1249 |
| Tanzania, United Republic of | 150 | 1.7 | 114 | 1316 |
| Thailand | 150 | 1.7 | 36 | 4167 |

Source : ITC Trade Map

၁၃။ စင်ကာပူသို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၂)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၁၈ ဒသမ ၈ ရာခိုင်နှုန်း ရရှိထားသည်။ ပါကစ္စတန်သည် အဆင့်(၁)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၂၃ ဒသမ ၉ ရာခိုင်နှုန်း ရရှိထားသဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အင်ဒိုနီးရှား ဈေးကွက်**

**Fig 12:  Top 7 world exporter to Indonesia in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 13151 | 94.7 | 8995 | 1462 |
| Mexico | 326 | 2.3 | 110 | 2964 |
| Myanmar | 211 | 1.5 | 127 | 1661 |
| China | 138 | 1 | 58 | 2379 |
| Indonesia | 34 | 0.2 | 25 | 1360 |
| Bolivia, Plurinational State of | 20 | 0.1 | 8 | 2500 |
| Korea, Republic of | 5 | 0 | 1 | 5000 |

Source : ITC Trade Map

၁၄။ အင်ဒိုနီးရှားသို့တင်ပို့မှုတွင် မြန်မာသည် အဆင့် (၃) နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၁ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားပါသည်။ မက္ကဆီကိုသည် အဆင့်(၂)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၂ ဒသမ ၃ ရာခိုင်နှုန်း ရရှိထားသဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံသည်

မက္ကဆီကိုဖြစ်ကြောင်း တွေ့ရှိရပါသည်။ အိန္ဒိယသည် ဈေးကွက်ဝေစု ၉၄ ဒသမ ၇ ရာခိုင်နှုန်း ရရှိထားပြီး အင်ဒိုနီးရှားသို့နှမ်းတင်ပို့မှုဈေးကွက်ကို ထိန်းချုပ်ထားကြောင်း တွေ့ရှိရသည်။

**မလေးရှား ဈေးကွက်**

**Fig 13: Top 10 world exporter to Malaysia in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 10256 | 68.2 | 7619 | 1346 |
| Pakistan | 2709 | 18 | 2069 | 1309 |
| Mexico | 767 | 5.1 | 216 | 3551 |
| Bangladesh | 480 | 3.2 | 454 | 1057 |
| Myanmar | 382 | 2.5 | 203 | 1882 |
| China | 171 | 1.1 | 99 | 1727 |
| Thailand | 145 | 1 | 59 | 2458 |
| Taipei, Chinese | 63 | 0.4 | 10 | 6300 |
| Japan | 21 | 0.1 | 4 | 5250 |
| Tunisia | 17 | 0.1 | 10 | 1700 |

Source : ITC Trade Map

၁၅။ မလေးရှားသို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၅)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၂ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားသည်။ မက္ကဆီကိုသည် အဆင့်(၃)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၅ ဒသမ ၁ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်သည် အဆင့်(၄)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၃ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသဖြင့် မက္ကဆီကိုနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အိန္ဒိယသည် ဈေးကွက်ဝေစု ၆၈ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားပြီး ဈေးကွက်ထိန်းချုပ်ထားကြောင်း တွေ့ရှိရသည်။

**ဂျပန် ဈေးကွက်**

**Fig 14: Top 10 world exporter to Japan in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Nigeria | 74195 | 34.8 | 58889 | 1260 |
| Tanzania, United Republic of | 22502 | 10.6 | 17322 | 1299 |
| Paraguay | 19295 | 9 | 11350 | 1700 |
| Guatemala | 14062 | 6.6 | 8596 | 1636 |
| Mozambique | 13024 | 6.1 | 10120 | 1287 |
| Burkina Faso | 10914 | 5.1 | 8749 | 1247 |
| Mexico | 8302 | 3.9 | 3635 | 2284 |
| Myanmar | 7938 | 3.7 | 3520 | 2255 |
| Sudan | 5319 | 2.5 | 4654 | 1143 |
| Pakistan | 5264 | 2.5 | 4040 | 1303 |

Source : ITC Trade Map

၁၆။ ဂျပန်သို့တင်ပို့မှုတွင် မြန်မာသည် အဆင့်(၈)နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၃ ဒသမ ၇ ရာခိုင်နှုန်းရရှိထားသည်။ ဂွါတီမာလာသည် ဈေးကွက်ဝေစု ၆ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အဆင့်(၄)၊ မိုဇမ်ဘစ်သည် ဈေးကွက်ဝေစု ၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အဆင့်(၅)၊ ဘာကီနာဖာဆိုသည် ဈေးကွက်ဝေစု ၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အဆင့်(၆)၊ မက္ကဆီကိုသည် ဈေးကွက်ဝေစု ၃ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အဆင့်(၇) နေရာတွင်ရှိသဖြင့် ဂွါတီမာလာ၊ မိုဇမ်ဘစ်၊ ဘာကီနာဖာဆို၊ မက္ကဆီကို နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုယှဉ်ပြိုင်ဘက်နိုင်ငံများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ထိုင်း ဈေးကွက်**

**Fig 15 : Top 10 world exporters to Thailand in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Myanmar | 11605 | 71.3 | 8689 | 1336 |
| India | 2086 | 12.8 | 4786 | 436 |
| Bangladesh | 887 | 5.5 | 1744 | 509 |
| Lao People's Democratic Republic | 643 | 4 | 667 | 964 |
| China | 615 | 3.8 | 297 | 2071 |
| Mexico | 225 | 1.4 | 73 | 3082 |
| Sudan | 79 | 0.5 | 57 | 1386 |
| Cambodia | 61 | 0.4 | 65 | 938 |
| Paraguay | 26 | 0.2 | 6 | 4333 |
| Australia | 22 | 0.1 | 19 | 1158 |

Source : ITC Trade Map

၁၇။ ထိုင်းနိုင်ငံဈေးကွက်အတွင်းသို့ ၂၀၂၁ ခုနှစ်အတွင်း မြန်မာမှအများဆုံး တင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ ဈေးကွက်ထိန်းထားသင့်ပါသည်။

**ကိုရီးယား ဈေးကွက်**

**Fig 16: Top 10 world exporter to Korea, Republic of in 2021**

| Country | Value (in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| China | 69921 | 46 | 31587 | 2214 |
| India | 64158 | 42.2 | 43374 | 1479 |
| Pakistan | 5308 | 3.5 | 3600 | 1474 |
| Nigeria | 4509 | 3 | 3047 | 1480 |
| Niger | 3049 | 2 | 2160 | 1412 |
| Ethiopia | 1671 | 1.1 | 1080 | 1547 |
| Mali | 1642 | 1.1 | 1099 | 1494 |
| Togo | 575 | 0.4 | 414 | 1389 |
| Mexico | 463 | 0.3 | 180 | 2572 |
| Bolivia, Plurinational State of | 384 | 0.3 | 260 | 1477 |

Source : ITC Trade Map

၁၈။ ကိုရီးယားဈေးကွက်သို့ တရုတ်နှင့်အိန္ဒိယတို့မှ အများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပြီး ကိုရီးယားနိုင်ငံသည် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေး သဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

**အီရန် ဈေးကွက်**

**Fig 17: Top 7 world exporter to Iran, Islamic Republic of in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| United Arab Emirates | 56814 | 55.9 | 33250 | 1709 |
| Pakistan | 32017 | 31.5 | 18187 | 1760 |
| India | 9393 | 9.2 | 5433 | 1729 |
| Afghanistan | 2515 | 2.5 | 1502 | 1674 |
| Turkmenistan | 525 | 0.5 | 394 | 1332 |
| China | 261 | 0.3 | 145 | 1800 |
| Ethiopia | 167 | 0.2 | 114 | 1465 |

Source : ITC Trade Map

၁၉။ အီရန်သို့တင်ပို့မှုတွင် ယူအေအီးနှင့် ပါကစ္စတန်တို့မှ အများဆုံးတင်ပို့ထားပြီး အီရန်နိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်း ပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့်ဈေးကွက်သစ် ထိုးဖောက်သင့်ပါသည်။

ဂျာမနီ ဈေးကွက်

**Fig 18: Top 10 world exporter to Germany in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Nigeria | 12544 | 14.9 | 6518 | 1925 |
| India | 8145 | 9.7 | 4199 | 1940 |
| Guatemala | 7661 | 9.1 | 3748 | 2044 |
| Uganda | 7004 | 8.3 | 3105 | 2256 |
| Paraguay | 5272 | 6.3 | 2804 | 1880 |
| Netherlands | 5160 | 6.1 | 2185 | 2362 |
| Egypt | 4812 | 5.7 | 2025 | 2376 |
| China | 4415 | 5.3 | 2420 | 1824 |
| Somalia | 4289 | 5.1 | 2333 | 1838 |
| Pakistan | 4197 | 5 | 2084 | 2014 |

Source : ITC Trade Map

၂၀။ ဂျာမနီသို့ နိုက်ဂျီးရီးယားမှ အများဆုံးတင်ပို့ထားပါသည်။ ဂျာမနီနိုင်ငံသည် ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့်ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

ဖိလစ်ပိုင် ဈေးကွက်

Fig 19: Top 8 world exporter to Philippine in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 2903 | 82.5 | 1855 | 1565 |
| Mexico | 482 | 13.7 | 308 | 1565 |
| Thailand | 94 | 2.7 | 60 | 1567 |
| Japan | 28 | 0.8 | 18 | 1556 |
| Australia | 5 | 0.1 | 3 | 1667 |
| Korea, Republic of | 2 | 0.1 | 1 | 2000 |
| Hong Kong, China | 2 | 0.1 | 1 | 2000 |
| China | 1 | 0 | 1 | 1000 |

Source : ITC Trade Map

၂၁။ ဖိလစ်ပိုင်သို့တင်ပို့မှုတွင် အိန္ဒိယမှအများဆုံးတင်ပို့ထားပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့ တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့်ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

အမေရိကန် ဈေးကွက်

Fig 20: Top 10 world exporter to United States of America in 2021

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 50655 | 61.5 | 23553 | 2151 |
| Guatemala | 13469 | 16.4 | 6140 | 2194 |
| Mexico | 4280 | 5.2 | 1903 | 2249 |
| Paraguay | 2378 | 2.9 | 1096 | 2170 |
| Nigeria | 1765 | 2.1 | 936 | 1886 |
| Bolivia, Plurinational State of | 1349 | 1.6 | 532 | 2536 |
| China | 1337 | 1.6 | 396 | 3376 |
| Turkey | 1215 | 1.5 | 482 | 2521 |
| Nicaragua | 1173 | 1.4 | 320 | 3666 |
| Pakistan | 859 | 1 | 420 | 2045 |

Source : ITC Trade Map

၂၂။ အမေရိကန်သို့တင်ပို့မှုတွင် အိန္ဒိယမှ အများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့ဝယ်လိုအား ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့်ဈေးကွက်သစ် ထိုးဖောက်သင့်ပါသည်။

**ရုရှား ဈေးကွက်**

**Fig 21: Top 10 world exporter to Russian Federation in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 28317 | 93.3 | 15862 | 1785 |
| Mexico | 1528 | 5 | 512 | 2984 |
| Guatemala | 285 | 0.9 | 100 | 2850 |
| Nigeria | 71 | 0.2 | 43 | 1651 |
| Somalia | 65 | 0.2 | 37 | 1757 |
| Belarus | 50 | 0.2 | 66 | 758 |
| Egypt | 11 | 0 | 2 | 5500 |
| Uzbekistan | 9 | 0 | 5 | 1800 |
| Poland | 6 | 0 | 1 | 6000 |
| Finland | 6 | 0 | 3 | 2000 |

Source : ITC TradeMap

၂၃။ ရုရှားနိုင်ငံသို့နှမ်းတင်ပို့မှုတွင် အိန္ဒိယမှ အဓိကဈေးကွက်ထိန်းချုပ်ထားကြောင်း တွေ့ရှိရပါသည်။ ရုရှားနိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် ဈေးကွက်သစ် ထိုးဖောက်သင့်ပါသည်။

**ကာဇက်စတန် ဈေးကွက်**

**Fig 22: Top 6 world exporter to Kazakhstan in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Pakistan | 9039 | 84 | 12416 | 728 |
| Russian Federation | 859 | 8 | 352 | 2440 |
| Estonia | 313 | 2.9 | 128 | 2445 |
| India | 252 | 2.3 | 155 | 1626 |
| China | 225 | 2.1 | 130 | 1731 |
| Uzbekistan | 71 | 0.7 | 139 | 511 |

Source : ITC TradeMap

၂၄။ ကာဇက်စတန်နိုင်ငံသို့ တင်ပို့မှုတွင် ပါကစ္စတန်မှ အများဆုံးတင်ပို့ထားကြောင်း တွေ့ရှိရပါသည်။ ကာဇက်စတန်နိုင်ငံသည် အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံသို့တင်ပို့မှုတွင် မြန်မာမပါဝင်သေးသဖြင့် ဈေးကွက်သစ်ထိုးဖောက်သင့်ပါသည်။

### တူရကီ ဈေးကွက်

**Fig 23: Top 10 world exporter to Turkiye in 2021**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Chad | 108886 | 38.2 | 76629 | 1421 |
| Sudan | 52636 | 18.5 | 36414 | 1445 |
| Nigeria | 51012 | 17.9 | 37118 | 1374 |
| Ethiopia | 12829 | 4.5 | 8260 | 1553 |
| Brazil | 11228 | 3.9 | 9001 | 1247 |
| Somalia | 6986 | 2.5 | 4598 | 1519 |
| Egypt | 6471 | 2.3 | 3810 | 1698 |
| Pakistan | 3481 | 1.2 | 2998 | 1161 |
| Paraguay | 3378 | 1.2 | 2721 | 1241 |
| Uganda | 3052 | 1.1 | 2221 | 1374 |

Source : ITC Trade Map

၂၅။ တူရကီနိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး နှမ်းဝယ်ယူသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ နှမ်းတင်ပို့ထားခြင်းမရှိသေးကြောင်း တွေ့ရှိရပြီး ဈေးကွက်သစ်အနေဖြင့် ထိုးဖောက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

### မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၂၆။ ကမ္ဘာပေါ်တွင် နှမ်းအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာရာတွင် တရုတ်သည် ကမ္ဘာ့နှမ်းအများဆုံးဝယ်ယူသောနိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၄၂ ဒသမ ၉ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယနေရာရှိ တူရကီက ဈေးကွက်ဝေစု ၇ ဒသမ ၉ ရာခိုင်နှုန်း၊ တတိယနေရာရှိ ဂျပန်က ဈေးကွက်ဝေစု ၅ ဒသမ ၉ ရာခိုင်နှုန်း ရရှိထားသည်။

၂၇။ မြန်မာနိုင်ငံမှ နှမ်းတင်ပို့သောနိုင်ငံပေါင်း (၁၅) နိုင်ငံရှိပြီး အများဆုံးတင်ပို့လျက်ရှိသော ထိပ်တန်း (၁၀) နိုင်ငံမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ တိုင်ပေ (တရုတ်)၊ ကိုရီးယား၊ အိန္ဒိယ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း ITC Trade Map Data အရ တွေ့ရှိရပါသည်။

၂၈။ အာရှတွင် ဒုတိယအများဆုံးဝယ်ယူလျက်ရှိသော တူရကီနိုင်ငံသို့မြန်မာနိုင်ငံမှ နှမ်းတင်ပို့ထားခြင်းမရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အာရှတွင် တူရကီနိုင်ငံသို့ ဦးစားပေးဈေးကွက်ချဲ့ထွင်ထိုးဖောက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၂၉။ မြန်မာနိုင်ငံသည် ကမ္ဘာ့နှမ်းပို့ကုန်အဆင့် (၃) တွင်တည်ရှိကာ ထိုင်းသို့တင်ပို့မှုတွင် အဆင့်(၁)၊ စင်ကာပူနှင့် တိုင်ပေ(တရုတ်)သို့တင်ပို့မှုတွင် အဆင့်(၂)၊ အင်ဒိုနီးရှားသို့တင်ပို့မှုတွင် အဆင့်(၃)၊ မလေးရှားသို့တင်ပို့မှုတွင် အဆင့်(၅)၊ အိန္ဒိယသို့တင်ပို့မှုတွင် အဆင့်(၆)၊ တရုတ်နှင့် ဂျပန်သို့တင်ပို့မှုတွင် အဆင့်(၈)၊ ကိုရီးယားသို့တင်ပို့မှုတွင် အဆင့်(၁၃)နေရာများတွင် စာရင်းဝင်လျက်ရှိပါသည်။

၃၀။ ထူးခြားချက်အနေဖြင့် တရုတ်သည် ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၆၅ သန်းကျော်ဖိုးနှင့် ၂၀၂၁ ခုနှစ်တွင် ၉၄ သန်းကျော်ဖိုး တင်ပို့ခဲ့သည့် Top 9 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် ပြည်ပမှကန်ဒေါ်လာ ၁၅၄၁ သန်း ကျော်ဖိုးတင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသဖြင့် ပြည်တွင်းစားသုံးမှုအတွက် ပြည်ပမှတင်သွင်းပြီး Re. Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရပါသည်။

၃၁။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း နှမ်းတင်ပို့သည့်နိုင်ငံ (၁၄၈) နိုင်ငံရှိပြီး မြန်မာသည် အဆင့် (၃) တွင် တည်ရှိနေပါသည်။ ၂၀၂၁ ခုနှစ် တစ်ခုထဲကြည့်ရာတွင် နှမ်းတင်ပို့သောနိုင်ငံ (၁၂၆) နိုင်ငံသာရှိပြီး (၂၂) နိုင်ငံလျော့ကျနေကြောင်းတွေ့ရှိရပါသည်။ မြန်မာသည် အဆင့် (၃) နေရာတွင် တည်ရှိနေပါသည်။

၃၂။ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူနိုင်ငံများတို့ ကမ္ဘာ့ဝယ်လိုအားနှင့် အာရှဝယ်လိုအားထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းပါးခြင်း၊ ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်းကြောင့် လက်ရှိဈေးကွက်ပိုမိုတိုးချဲ့သင့်ပြီး ဂျာမနီ၊ အီရန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ ကာဇက်စတန်၊ အမေရိကန်၊ တူရကီနိုင်ငံတို့သည် အခွန်နည်းပါးခြင်း၊၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ မြန်မာနိုင်ငံမှ နှမ်းတင်ပို့ထားခြင်းမရှိသေးကြောင်းတွေ့ရှိပါသဖြင့် ၎င်းနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်သင့်ပါသည်။ ထိုင်းနှင့် ဂျပန်နိုင်ငံတို့သည် မြန်မာနိုင်ငံမှ နှမ်းတင်ပို့သည့် Top 10 စာရင်းဝင်သော်လည်း ၂၀၂၀-၂၀၂၁ နှစ်နှစ်အတွင်း တင်သွင်းမှုရာခိုင်နှုန်း လျော့ကျခြင်းကြောင့်မူလဈေးကွက်ကို ဆက်လက်ထိန်းထားသင့်သည်ဟု သုံးသပ်ရပါသည်။

**နှမ်းပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေလေ့လာခြင်း**

**ဇယား-၂၄ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၂၀-၂၀၂၁)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း (တင်း) | အထွက် (တင်း) | အထွက် (တန်) |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၈၇၈၈၁ | ၈၇၆၈၈ | ၈.၇၂ | ၇၆၄၇၄၅ | ၂၄၉၇၁.၂၇ |
| ၂ | ကချင်ပြည်နယ် | ၂၃၁၈၄ | ၂၁၅၇၂ | ၁၁.၈၀ | ၂၅၄၆၀၀ | ၈၃၁၃.၄၇ |
| ၃ | ကယားပြည်နယ် | ၂၆၀၅၄ | ၂၅၅၂၀ | ၉.၉၄ | ၂၅၃၅၄၄ | ၈၂၇၈.၉၉ |
| ၄ | ကရင်ပြည်နယ် | ၄၅၂၀၄ | ၄၅၂၀၄ | ၁၃.၆၁ | ၆၁၅၃၀၅ | ၂၀၀၉၁.၆၀ |
| ၅ | ချင်းပြည်နယ် | ၅၀၆၀ | ၅၀၆၀ | ၈.၀၆ | ၄၀၇၇၀ | ၁၃၃၁.၂၇ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၉၃၂၉၃ | ၁၀၈၈၉၃၂ | ၁၁.၈၀ | ၁၂၈၅၃၆၀၂ | ၄၁၉၇၀၉.၄၅ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၉၄၆ | ၉၄၆ | ၆.၄၆ | ၆၁၁၂ | ၁၉၉.၅၆ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၆၅၆၀၃ | ၁၆၂၉၅၁ | ၁၀.၄၂ | ၁၆၉၈၇၁၆ | ၅၅၄၆၈.၂၈ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၂၃၉၆၈၁ | ၁၀၃၇၆၀၀ | ၅.၂၈ | ၅၄၈၂၉၄၇ | ၁၇၉၀၃၅.၀၀၄ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၀၄၀၃၂၂ | ၁၀၂၅၀၄၅ | ၄.၄၇ | ၄၅၇၈၀၂၅ | ၁၄၉၄၈၆.၅၃ |
| ၁၁ | မွန်ပြည်နယ် | ၂၀၀၀ | ၂၀၀၀ | ၁၁.၃၆ | ၂၂၇၂၇ | ၇၄၂.၁၁ |
| ၁၂ | ရခိုင်ပြည်နယ် | ၃၄၇၅ | ၃၄၇၅ | ၈.၇၇ | ၃၀၄၇၈ | ၉၉၅.၂၀ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၅၀၆၁ | ၅၀၆၁ | ၁၁.၁၃ | ၅၆၃၄၂ | ၁၈၃၉.၇၄ |
| ၁၄ | ရှမ်းပြည်နယ် | ၄၀၁၇၅ | ၄၀၁၇၅ | ၉.၂၀ | ၃၆၉၆၈၆ | ၁၂၀၇၁.၃၈ |
|  | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၃၅၄၃ | ၂၃၅၄၃ | ၈.၅၁ | ၂၀၀၂၄၅ | ၆၅၃၈.၆၁ |
|  | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၁၄၅၉ | ၁၁၄၅၉ | ၁၀.၄၇ | ၁၁၉၉၅၅ | ၃၉၁၆.၉၀ |
|  | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၁၇၃ | ၅၁၇၃ | ၉.၅၇ | ၄၉၄၈၆ | ၁၄၈၅.၂၆ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၂၂၀၀၉ | ၂၁၈၁၆ | ၁၂.၂၄ | ၂၆၆၉၈၄ | ၈၇၁၇.၈၄ |
|  | **ပြည်ထောင်စုချုပ်** | **၃၇၉၉၉၄၈** | **၃၅၇၃၀၄၅** | **၇.၆၄** | **၂၇၂၉၄၅၈၃** | **၉၀၃၁၉၂.၄၆** |

**Source: စိုက်ပျိုးရေးဦးစီးဌာန**

**မှတ်ချက်။ ၁ တန်= ၃၀.၆၂၅ တင်းဖြင့် တွက်ချက်ထားပါသည်။**

## ပြည်တွင်းနှမ်းထွက်ရှိမှု (၂၀၂၀-၂၀၂၁)

၃၃။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏နှမ်းထွက်ရှိခဲ့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ နေပြည်တော်ကော်စီနယ်မြေ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)ပြည်နယ်များနှင့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ကြသည်ကို စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအားလုံး၏ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေစာရင်းအရ သိရှိရပါသည်။ နှမ်းအများဆုံး ထွက်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ စစ်ကိုင်းတိုင်းဒေသကြီးသည် စိုက်ဧက ၁၀၉၃၂၉၃၊ တစ်ဧက အထွက်နှုန်း ၁၁ တင်းကျော်ဖြင့် အရေအတွက် ၄၁၉၇၀၉ တန်ကျော် အများဆုံး ထွက်ရှိထားပါသည်။ ထို့နောက် မကွေးတိုင်းဒေသကြီးက စိုက်ဧက ၁၂၃၉၆၈၁ တန်၊ တစ်ဧက အထွက်နှုန်း ၅ တင်းကျော်ထွက်ရှိပြီး အရေအတွက် ၁၇၉၀၃၅ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ မန္တလေးတိုင်းဒေသကြီးက စိုက်ဧက ၁၀၄၀၃၂၂၊ တစ်ဧက အထွက်နှုန်း ၄ တင်းကျော်ထွက်ရှိပြီး အရေအတွက် ၁၄၉၄၈၆ တန်ကျော်ဖြင့် တတိယအများဆုံး၊ ပဲခူးတိုင်းဒေသကြီးက စိုက်ဧက ၁၆၅၆၀၃၊ တစ်ဧက အထွက်နှုန်း ၁၀ တင်းကျော်ထွက်ရှိပြီး အရေအတွက် ၅၅၄၆၈ တန်ကျော်ဖြင့် စတုတ္ထအများဆုံး နှင့်နေပြည်တော်ကောင်စီနယ်မြေက စိုက်ဧက ၈၇၈၈၁၊ တစ်ဧက အထွက်နှုန်း ၈ တင်းကျော် ထွက်ရှိပြီး အရေအတွက် ၂၄၉၇၁ တန်ကျော်ဖြင့် ပဉ္စမအများဆုံးထွက်ရှိကြောင်း တွေ့ရှိရပါသည်။ စစ်ကိုင်းဒေသကြီးသည် မကွေးတိုင်းဒေသကြီး ထက် စိုက်ဧက နည်းသော်လည်း တစ်ဧက အထွက်နှုန်းများသဖြင့် အရေအတွက် ၂၄၀၆၇၄ တန်ကျော် ပိုမိုထွက်ရှိသည်ကို တွေ့ရပါသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) တို့တွင် ရှမ်းပြည်နယ် တောင်ပိုင်းသည် နှမ်းစိုက်ဧက ၂၃၅၄၃၊ တစ်ဧက အထွက်နှုန်း ၈ တင်း ကျော်ထွက်ရှိပြီး အရေအတွက် ၆၅၃၈ တန်ကျော်ဖြင့် နှမ်းအများဆုံးထွက်ရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

၃၄။ ၂၀၂၀-၂၀၂၁ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် နှမ်းထွက်ရှိမှုနှိုင်းယှဉ်ချက်မှာ အောက်ပါဇယား အတိုင်း ဖြစ်ပါသည်။

**ဇယား- ၂၅**

| ခုနှစ် | စိုက်ဧရိယာ(ဧက) | ရိတ်ဧရိယာ(ဧက) | အထွက်နှုန်း(တင်း) | အထွက်(တင်း) |
|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ | ၃၇၉၉၉၄၈ | ၃၅၇၃၀၄၅ | ၇.၆၄ | ၂၇၂၉၄၅၈၃ |
| ၂၀၁၉-၂၀၂၀ | ၃၇၆၁၅၉၆ | ၃၇၁၉၃၃၅ | ၈.၃၀ | ၃၀၈၈၂၉၂၇ |
| နှိုင်းယှဉ်ချက် | (+) ၃၈၃၅၂ | (-) ၁၄၆၂၉၀ | (-) ၀.၆၆ | (-) ၃၅၈၈၃၄၄ |

Source: စိုက်ပျိုးရေးဦးစီးဌာန

## နှမ်းစိုက်ဧရိယာ

၃၅။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း နှမ်းစိုက်ဧရိယာမှာ (၃၇၉၉၄၈) ဧကဖြစ်၍ ယခင်နှစ် စိုက်ဧရိယာ (၃၇၆၁၅၉၆) ဧကနှင့် နှိုင်းယှဉ်သော် (၁၈၃၅၂) ဧကတိုးခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး၌ နွေနှမ်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေလုံလောက်စွာမရခြင်းကြောင့် အများဆုံးလျော့နည်းစိုက်ပျိုးခဲ့သော်လည်း ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးဆီဖူလုံရေးနှင့် ဈေးကွက်စီးပွားရေးတွက်ခြေကိုက်သော နှမ်းသီးနှံကို ပိုမိုစိုက်ပျိုးလာခြင်းကြောင့် ဖြစ်ပါသည်။

## နှမ်းရိတ်သိမ်းဧရိယာ

၃၆။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း နှမ်းရိတ်သိမ်းဧရိယာမှာ (၃၅၇၃၀၄၅) ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ (၃၇၁၉၃၃၅) ဧကနှင့်နှိုင်းယှဉ်သော် (၁၄၆၂၉၀) ဧကလျော့နည်းခဲ့ပါသည်။ စိုက်ဧရိယာတိုးသော်လည်း ပဲခူးတိုင်းဒေသကြီးတွင် နယ်မြေအခြေအနေအရ (၅၂) ဧက ရိတ်သိမ်းနိုင်မှုမရှိခြင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်များကြောင့် (၂၂၆၈၅၁) ဧက ပျက်စီးမှုရှိခဲ့ခြင်းတို့ကြောင့် စုစုပေါင်း (၂၂၆၉၀၃) ဧကမှာ ရိတ်သိမ်းနိုင်မှုမရှိ၍ ယခင်နှစ်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

## နှမ်းအထွက်နှုန်း

၃၇။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း နှမ်းတစ်ဧကအထွက်နှုန်းမှာ (၇.၆၄) တင်းနှုန်းဖြစ်၍ ယခင်နှစ် နှမ်းအထွက်နှုန်း (၈.၃၀) တင်းနှင့် နှိုင်းယှဉ်သော် (၀.၆၆) တင်းနှုန်းလျော့နည်းခဲ့ပါသည်။ နှမ်း(မိုး) သီးနှံစိုက်ပျိုးစဉ်ကာလအတွင်း မိုးလိုမိုးခေါင်မှုနှင့် သွင်းအားစုထည့်သွင်းနိုင်မှုအားနည်းခြင်းတို့ကြောင့် အပင်ဖြစ်ထွန်းမှုအားနည်းသဖြင့် တစ်ဧက အထွက်နှုန်းလျော့နည်းရခြင်း ဖြစ်ပါသည်။

## နှမ်းစုစုပေါင်းအထွက်နှုန်း

၃၈။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း နှမ်းစုစုပေါင်းအထွက်နှုန်းမှာ (၂၇၂၉၄၅၈၃)တင်းဖြစ်၍ ယခင်နှစ် နှမ်းစုစုပေါင်းအထွက်နှုန်း (၃၀၈၈၂၉၂၇) တင်းနှင့်နှိုင်းယှဉ်သော် (၃၅၈၈၃၄၄) တင်း လျော့နည်းခဲ့ပါသည်။ စိုက်ဧရိယာတိုးသော်လည်း သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်၊ ပျက်စီးမှုများရှိခဲ့၍ ရိတ်သိမ်းဧရိယာနှင့် အထွက်နှုန်းလျော့နည်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

**နှမ်းကုန်သွယ်မှုအခြေအနေ**

**ဇယား-၂၆ ၂၀၂၂ ဇန်နဝါရီလမှ ဩဂုတ်လလထိ တန်ဖိုး-ကန်ဒေါ်လာသန်း**

| စဉ် | လအမည် | ကုန်ပစ္စည်းအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | ဇန်နဝါရီလ | နှမ်း | မတန် | ၁၄၃၃၂.၄၆၀ | ၁၇.၉၄၆ |
| ၂ | ဖေဖော်ဝါရီလ | နှမ်း | မတန် | ၉၄၀၇.၇၈၉ | ၁၁.၁၀၂ |
| ၃ | မတ်လ | နှမ်း | မတန် | ၁၂၄၀၁.၉၆၉ | ၁၅.၁၁၆ |
| ၄ | ဧပြီလ | နှမ်း | မတန် | ၃၇၆၇.၆၈၂ | ၄.၈၆၆ |
| ၅ | မေလ | နှမ်း | မတန် | ၄၆၂၃.၆၇၉ | ၅.၈၆၅ |
| ၆ | ဇွန်လ | နှမ်း | မတန် | ၁၀၆၆၇.၈၀၆ | ၁၃.၅၂၃ |
| ၇ | ဇူလိုင်လ | နှမ်း | မတန် | ၁၀၁၀၃.၉၇၆ | ၁၂.၉၄၁ |
| ၈ | ဩဂုတ်လ | နှမ်း | မတန် | ၄၅၉၁.၅၇၄ | ၆.၃၄၉ |
| | **စုစုပေါင်း** | **နှမ်း** | **မတန်** | **၆၉၈၉၆.၉၃၅** | **၈၇.၇၀၈** |

Source: ကုန်သွယ်ရေးဦးစီးဌာန

**မြန်မာနိုင်ငံမှ ပြည်ပသို့နှမ်းတင်ပို့မှု**

၃၉။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ မြန်မာနိုင်ငံမှပြည်ပသို့ နှမ်းတင်ပို့မှု စုစုပေါင်း ကန်ဒေါ်လာ ၈၇ ဒသမ ၇၀၈ သန်းဖိုးနှင့် အရေအတွက် ၆၉၈၉၆ တန်ကျော် တင်ပို့လျက်ရှိသည်ကို ကုန်သွယ်ရေးဦးစီးဌာနမှ ပေးပို့သော Data အရ သိရှိရပါသည်။

၄၀။ ဇန်နဝါရီလတွင် ကန်ဒေါ်လာ ၁၇ ဒသမ ၉၄၆ သန်းဖိုးနှင့် အရေအတွက် ၁၄၃၃၂ တန်ကျော် အများဆုံးတင်ပို့ထားသည်ကို တွေ့ရှိရပါသည်။ မတ်လတွင် ကန်ဒေါ်လာ ၁၅ ဒသမ ၁၁၆ သန်းဖိုးနှင့် အရေအတွက် ၁၂၄၀၁ တန်ကျော်ဖြင့် ဒုတိယအများဆုံး၊ ဇွန်လတွင် ကန်ဒေါ်လာ ၁၃ ဒသမ ၅၂၃ သန်းဖိုးနှင့် အရေအတွက် ၁၀၆၆၇ တန်ကျော်ဖြင့် တတိယအများဆုံး တင်ပို့ထားသည်ဟု သိရှိရပါသည်။

နှမ်းခြုံငုံသုံးသပ်ချက်

၄၁။ မြန်မာနိုင်ငံတွင်နှမ်းသည် စိုက်ပျိုးသီးနှံထွက်ကုန်များတွင် ဒုတိယအများဆုံးစိုက်ပျိုးသည့် သီးနှံဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် အများအပြားစိုက်ပျိုးလျက်ရှိပါသည်။ နှမ်းသည် နွေ၊ မိုး၊ ဆောင်း ဟူ၍သုံးရာသီလုံး စိုက်ပျိုးနိုင်သည့် သီးနှံအမျိုးအစားဖြစ်ပါသည်။

၄၂။ မြန်မာ့ဆီထွက်သီးနှံ၌ စိုက်ပျိုးထွက်ရှိမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ နှမ်းဖြစ်ပြီး နှမ်းစိုက်ပျိုးမှုသည် အခြားဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နေကြာ၊ ပဲပုတ်တို့နှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ် သက်သာခြင်း၊ အရင်းနည်းအမြတ်များသည့်အတွက် တွက်ခြေကိုက် သောသီးနှံဟု သိရပါသည်။ နှမ်း၏အားနည်းချက်များမှာ ရာသီဥတုအပေါ် မှီခိုနေရခြင်းဖြစ်သည်။ သို့သော် ရာသီဥတုကောင်းလျှင် ကောင်းသလို နှမ်းရရှိသည့်အတွက် တောင်သူများသည် နှမ်းကို ပိုမိုစိုက်ပျိုးကြသည်။ မြန်မာ့နှမ်းသည် ကမ္ဘာတွင်မျက်နှာပန်းလှသလို ကမ္ဘာ့နှမ်းတင်ပို့မှု၏ ထိပ်တန်း(၁၀) နိုင်ငံစာရင်းဝင်ပါသည်။

၄၃။ မြန်မာ့နှမ်းအမျိုးအစားများမှာ နှမ်းဖြူ၊ နှမ်းနက်၊ နှမ်းညိုဟူ၍ နှမ်းစေ့အရောင်အလိုက် ခွဲခြားသလို သက်တမ်းအရ နှမ်းကြီးနှင့် နှမ်းလျင်ဟူ၍ ခွဲခြားထားပါသည်။ မြန်မာနိုင်ငံမှ နှမ်းအများဆုံးတင်ပို့သောနိုင်ငံများမှာ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ ဂျပန်၊ တိုင်ပေ(တရုတ်)တို့ ဖြစ်ပါသည်။

၄၄။ မြန်မာနိုင်ငံတွင်အစိုးရပိုင် ဓာတ်ခွဲခန်းများဖြစ်သည့် စိုက်ပျိုးရေးဌာန ကြို့ကုန်းဓာတ်ခွဲ ခန်းနှင့် စားသုံးသူရေးရာဌာန (CTQM) လှည်းကူးဓာတ်ခွဲခန်းဟူ၍ (၂) ခုတည်ရှိပြီး အခြား စစ်ဆေးသည့်အဖွဲ့ပေါင်း (၉) ခုတို့သည် ရောင်းသူနှင့်ဝယ်သူတို့ကြား သတ်မှတ်ထားသော စာချုပ် ပါအချက်အလက်များနှင့် ရုပ်အရည်အသွေး စစ်ဆေးခြင်း (Physical Test) စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

၄၅။ မြန်မာ့နှမ်းသည် ဈေးကွက်ရရှိထားပြီဖြစ်သော်လည်း နှမ်းများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများပိုမိုများပြားသည့်အတွက် နှမ်းစိုက်ပျိုးသည့် ပြည်နယ်နှင့်တိုင်းအလိုက် တောင်သူ များအား နိုင်ငံတကာစံချိန်စံညွှန်း၊ အရည်အသွေးများနှင့် ကိုက်ညီသောနှမ်းများ ရရှိနိုင်ရန် အတွက် တောင်သူများကို အသိပညာပေးခြင်း၊ အထွက်မျိုးကောင်းစိုက်ပျိုးနိုင်ရေးနှင့် သတင်း အချက်အလက်နည်းပညာများ ဖြန့်ဝေပေးခြင်း၊ ထိထိရောက်ရောက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးမှု ရေရှည်စီမံချက်များ ရေးဆွဲပြီးဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ပြင် နှမ်းဆီမွှေးကဲ့သို့သော တန်ဖိုးမြှင့်ထုတ်ကုန်များကိုလည်း အရည်အသွေးမြှင့်ထုတ်လုပ်နိုင်ရေးနည်းပညာနှင့် အရင်း အနှီးများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ် ပါသည်။